# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## နေပြည်တော်

အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်း ခန့်မှန်းဧရိယာ (၅၁.၃) စတုရန်းကီလိုမီတာ၊ (၁၂၆၈၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းစီမံကိန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၇၆ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဒေါ်ဥမ္မာညို<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်<br>No.8-A, Khabaung St. (Martin Avenue), 6th Mile, Pyay Road, Hlaing Township, Yangon<br>ဖုန်း ၀၁-၅၀၄၆၁၀၊ ၀၁-၅၃၆၅၅၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ဧရိယာ (၅၁.၃) စတုရန်းကီလိုမီတာ၊ (၁၂၆၈၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မလိကျွန်းနှင့် မလိငယ်ကျွန်း၊ ပုလောမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၆-၃-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၅-၃-၂၀၂၈ |

(ဇ) **အတည်ပြုအစီရင်ခံစာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ၄-၅-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ဖစ-၂၄/၀၁/၂၁ (၈၀၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃.၁၁.၂၀၂၁

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ အာကူဝါဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်း၊ ခန့်မှန်းဧရိယာ (၅၁.၃) စတုရန်းကီလိုမီတာ၊ (၁၂၆၈၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းစီမံကိန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ၄-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ဖစ-၂၄/၀၁/၂၂ (၈၀၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ဥမ္မာညို၊ ဒါရိုက်တာ၊ အာကူဝါဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်၊ No.8-A, Khabaung St. (Martin Avenue), 6th Mile, Pyay Road, Hlaing Township, Yangon၊ ဖုန်း ၀၁-၅၀၄၆၁၀၊ ၀၁-၅၃၆၅၅၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် မုတ်ကောင်သားပေါက်များမွေးမြူခြင်း၊ ဝတ်ဆံသွင်းပုလဲမွေးမြူခြင်း၊ ပုလဲထုတ်လုပ်ခြင်းတို့ပါဝင်ပြီး စီမံကိန်းဧရိယာအတွင်း သင့်လျော်သည့်နေရာတွင် မုတ်တန်းများဆောင်ရွက်၍ ပင်လယ်ရေအား လေ့လာဆန်းစစ်ပြီး ပုလဲမွေးမြူခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုလဲမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရေအရင်းအမြစ်များ လေလွင့်မှု သို့မဟုတ် ဆုံးရှုံးမှုများကို ရှောင်ရှားနိုင်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုစနစ်များ၊ ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် ပုလဲမွေးမြူထုတ်လုပ်မှုအား လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဓိကကုန်ကြမ်းပစ္စည်းများမှာ X-Ray Machine for Oyster Inspection (၁) ခု၊ Fishing Boat (၁) စီး၊ Maintenance Boat (၁) စီး၊ Fibre Maintenance Boat (၆) စီး၊ Generator 50 KW Dinamo (EK 700) Engine (၃) ခု၊ Pressure Pump 30CM (၁၀) ခု၊ Pressure Pump 75CM (၂) ခု၊ Lathe Machine (၁) ခုကို အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်း၊ ခန့်မှန်းဧရိယာ (၅၁.၃) စတုရန်းကီလိုမီတာ၊ (၁၂၆၈၅) ဧကတွင် တည်ရှိသည်။

# အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်းတွင် ပုတ်ကောင်သားဖောက်မွေးမြူခြင်း၊ ပုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းအတွက် လုပ်ငန်းတည်နေရာပြမြေပုံ





| Point | Lat | Long | Point | Lat | Long |
|---|---|---|---|---|---|
| A - | 13° 9' 30" N | 98° 16' 35" E | E - | 12° 54' 30" N | 98° 18' 30" E |
| B - | 13° 9' 30" N | 98° 19' 10" E | F - | 12° 54' 30" N | 98° 19' 30" E |
| C - | 13° 7' 18" N | 98° 19' 10" E | G - | 12° 52' 15" N | 98° 20' 30" E |
| D - | 13° 7' 18" N | 98° 16' 54" E | H - | 12° 52' 15" N | 98° 19' 30" E |
| K - | 13° 9' 30" N | 98° 18' 00" E | | | |
| J - | 13° 13' 00" N | 98° 17' 00" E | | | |
| O - | 13° 14' 00" N | 98° 14' 00" E | | | |
| N - | 13° 12' 35" N | 98° 14' 35" E | | | |
| I - | 13° 13' 00" N | 98° 15' 25" E | | | |

0 2.5 5 Miles

**ညွှန်းချက်**


- ပုလဲလုပ်ကွက်နေရာ (၅၁.၃)စတုရန်းကီလိုမီတာ (၁၂၆၈၅)ဧက
- ရေချိုရရှိနိုင်သည့်နေရာ
- ပုတ်ကောင်မွေးမြူသည့် Long Line နေရာများ
- စခန်းအဆောက်အဦနေရာ

## အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလီကျွန်းနှင့် မလီငယ်ကျွန်းတွင် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစု စောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းအတွက် Layout Plan



# အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်းတွင် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစု စောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းအတွက်

## Flow Chart Diagram



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ အာကွာဂိုးလ်မြန်မာပုလဲကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလော မြို့နယ်၊ မလိကျွန်းနှင့် မလိငယ်ကျွန်း၊ ခန့်မှန်းဧရိယာ (၅၁.၃) စတုရန်းကီလိုမီတာ၊ (၁၂၆၈၅) ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူရောင်းချခြင်းလုပ်ငန်းစီမံကိန်းအတွက် မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ၄-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ဖစ-၂၄/၀၁/၂၂ (၈၀၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် မုတ်ကောင် သားပေါက်များမွေးမြူခြင်း၊ ဝတ်ဆံသွင်းပုလဲမွေးမြူခြင်း၊ ပုလဲထုတ်လုပ်ခြင်းတို့ ပါဝင်ပြီး စီမံကိန်းဧရိယာအတွင်း သင့်လျော်သည့်နေရာတွင် မုတ်တန်းများဆောင်ရွက်၍ ပင်လယ် ရေအား လေ့လာဆန်းစစ်ပြီး ပုလဲမွေးမြူခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုလဲမွေးမြူခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ရေအရင်းအမြစ်များ လေလွင့်မှု သို့မဟုတ် ဆုံးရှုံးမှုများကို ရှောင်ရှားနိုင်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုစနစ်များ၊ ခေတ်မီ အဆင့်မြင့်နည်းပညာများဖြင့် ပုလဲမွေးမြူထုတ်လုပ်မှုအား လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် လေထုအတွင်း ညစ်ညမ်းမှု ဖြစ်စေမည့် ဓာတ်ငွေ့များ၊ အမှုန့်အမွှားဖြစ်ပေါ်မှု အနည်းဆုံး ဖြစ်စေရန် အတွက် လေထုညစ်ညမ်းမှုလျှော့ချရေး ထိန်းချုပ်ရေးစီမံချက်အား ရေးဆွဲ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

ပြည်ထောင်စုဝန်ကြီးရုံး

(၂) စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် လေထုအတွင်း ဓာတ်ငွေ့များ၊ အမှုန်အမွှားများ ထုတ်လွှတ်မှုမရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန်တို့အတွက် လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ထိန်းချုပ်ရေးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ လေအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များအတွင်း တည်ရှိနေစေရန် လိုအပ်သည့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လုပ်ငန်းလည်ပတ်ရာတွင်သုံးစွဲသည့် စက်ပစ္စည်းများမှ ထွက်ရှိသည့် အခိုးအငွေ့များကြောင့် လေအရည်အသွေးညစ်ညမ်းမှု မရှိစေရန်အတွက် ပစ္စည်း/ အင်ဂျင်များ ပြုပြင်ထိန်းသိမ်းစရိတ်အား လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဘဏ္ဍာငွေလျာထားချက်အတွင်း လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လေအရည်အသွေးတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြား ဘဏ္ဍာငွေ ကျပ်သိန်း(၂၀)ခန့် သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းဆောင်ရွက်များကြောင့် ရေထုအတွင်း ညစ်ညမ်းသည့် စွန့်ပစ်ရေများ စီးဆင်းဝင်ရောက်၍ ရေထုညစ်ညမ်းခြင်း မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန်တို့အတွက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) အခွံမာရေနေတိရစ္ဆာန်၊ ခရု၊ ပင်လယ်ရေညှိနှင့် ဆူးတောင်ရှိ ငါးအပါအဝင် ရေနေမျိုးစိတ်များ စီးပွားဖြစ်မွေးမြူစိုက်ပျိုးထုတ်လုပ်ခြင်းများကို ထိခိုက်ခြင်း မရှိစေရန် စွန့်ထုတ်အရည်အဆင့် လမ်းညွှန်ချက်များအောက် လျော့နည်းနေ စေရေး ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ရေအရည်အသွေးတိုင်းတာရေးလုပ်ငန်းများအား စီမံကိန်း၏ စွန့်ပစ်ရေ စုဆောင်း ထားရှိသည့်နေရာနှင့် စွန့်ပစ်သည့်နေရာများမှ နမူနာများရယူ၍ တိုင်းတာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ ရေအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များ အတွင်း တည်ရှိနေစေရန်အတွက် အမှိုက်စစ်ဇကာများ၊ အနည်ထိုင်ကန်များ ထည့်သွင်းတည်ဆောက်ခြင်းတို့အား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင် ရွက်ရန်၊

(၆) ရေနုတ်မြောင်းများမှ စနစ်တကျ စီးဆင်းနိုင်စေရန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်း၊ ရေသုံးစွဲမှုအား နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရန် စီမံ ခန့်ခွဲခြင်း၊ ရေသယံဇာတထိန်းသိမ်းနိုင်ရန်အတွက် သင့်လျော်သည့်အပင်များ စိုက်ပျိုးခြင်းစသည့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ ရေ အရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များအတွင်း တည်ရှိနေစေရန် လိုအပ် သည့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ရေး အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) နှစ်စဉ် ရေအရည်အသွေးတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တတိယအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ စီမံကိန်းဆောင်ရွက်သူ ကိုယ်တိုင်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊ ရေအရည်အသွေးတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြားဘဏ္ဍာငွေ (၁၅) သိန်းသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဧ) **ဆူညံသံစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် လူသားများနှင့်ပတ်ဝန်းကျင် အပေါ် ဆူညံမှုနှင့်တုန်ခါမှု၏ ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် အတွက် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ထိန်းချုပ်ရေးစီမံချက်များအား ရေးဆွဲ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံလျှော့ချရေးစီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက် သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) အသံဆူညံမှုနှင့်တုန်ခါမှု လျော့ပါးစေရေးအတွက် ဆူညံမှုနှင့်တုန်ခါမှု များပြား သည့်စက်များ လည်ပတ်မောင်းနှင်ရာတွင် နောက်ခံဆူညံမှု များပြားသည့် နေ့ဘက်အချိန်များတွင်သာ ဆောင်ရွက်စေခြင်း၊ ဆူညံသံထိန်းချုပ်ရေး ပစ္စည်း ကိရိယာများ တပ်ဆင်ခြင်း၊ အကာအရံများဖြင့် ကာရံခြင်း၊ လေကာပင်များ စိုက်ပျိုးခြင်းတို့အား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံနှင့်တုန်ခါမှုများသည့် လုပ်ငန်းများနှင့်ဆက်စပ်လုပ်ကိုင်ရသူများအား ကာကွယ်ရေးပစ္စည်းကိရိယာများ ဝတ်ဆင်ဆောင်ရွက်စေခြင်း၊ ဆူညံသံနှင့် တုန်ခါမှုများသည့် လုပ်ငန်းများနှင့်ဆက်စပ်လုပ်ကိုင်ရသူများအား ကာကွယ် ရေးပစ္စည်းကိရိယာများ ဝတ်ဆင်စေခြင်းတို့အား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း တည်ရှိ စေရန် လိုအပ်သည့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အတွက် ကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) လုပ်ငန်းလည်ပတ်ရာတွင် သုံးစွဲသည့် စက်ပစ္စည်းများမှ ထွက်ရှိသည့် ဆူညံသံ များနှင့်တုန်ခါမှုများ နည်းပါးစေရန်အတွက် စက်ပစ္စည်း/အင်ဂျင်များ ပြုပြင် ထိန်းသိမ်းစရိတ်အား လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဘဏ္ဍာငွေလျာထားချက် အတွင်း ထည့်သွင်းလျာထား၍ ဆောင်ရွက်ခြင်း၊ ခန့်မှန်းသီးခြားဘဏ္ဍာငွေ (၁၀) သိန်းအား သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲနိုင်ရေးအတွက် လျှော့ချသုံးစွဲခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြုပြင်သုံးစွဲခြင်း အလေ့အကျင့်များ တိုးတက်ဆောင်ရွက်နိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် စီမံခန့်ခွဲနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အစိုင်အခဲစွန့်ပစ်ပစ္စည်းထိန်းချုပ်ရေး စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) သုံးစွဲပြီးလက်ကျန်ပစ္စည်းများ (ကုန်ပစ္စည်းလက်ကျန်၊ ကြိုးလက်ကျန် စသည်) အား နောက်လိုအပ်ချိန်တွင် ထပ်မံသုံးစွဲနိုင်ရန်အတွက် စနစ်တကျ သိမ်းဆည်း၍ ပြန်လည်သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) သုံးစွဲပြီးလက်ကျန်ပစ္စည်းများနှင့် သုံးစွဲပြီးပစ္စည်းများ စသည်တို့အား ထပ်မံသုံးစွဲရန်မရှိတော့ပါက ပြန်လည်ပြုပြင်သုံးစွဲသွားနိုင်ရန်အတွက် စနစ်တကျ သိမ်းဆည်းထားပြီး ပြုပြင်သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) တာယာအဟောင်း၊ သတ္တုနှင့် မသန့်ပြန့်သည့် အဆိပ်အတောက်ရောဂါ ကပ်ငြိနေနိုင်သည့် ပစ္စည်းများအား ပြန်လည်သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်နိုင်ရန် စနစ်တကျထားရှိသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) စွန့်ပစ်ပစ္စည်းအကြွင်းအကျန်များဖြစ်သည့် အနံ့ဆိုးခြင်း၊ အမြင်မလှခြင်း၊ မီးလောင်နိုင်သည့် အန္တရာယ်ရှိခြင်း၊ ၎င်းမှအရည်များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်ခြင်း စသည်တို့ကြောင့် သိုလှောင်သိမ်းဆည်းထားပါက လစဉ်စစ်ဆေးပြီး စီမံခန့်ခွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) စွန့်ပစ်ပစ္စည်းထိန်းချုပ်ရေးစီမံချက်၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြားဘဏ္ဍာငွေ ကျပ်သိန်း (၂၀) ခန့် သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေသခံများနှင့်စီမံကိန်းအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် ပြည်သူ့ကျန်းမာရေးဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေတို့အား လိုက်နာဆောင်ရွက်သွားရန်၊

(၃) အသစ်ဝင်ရောက်လာသော ဝန်ထမ်းများအား အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးမှ ဆရာဝန်ဖြင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) အရေးပေါ်ကုသခြင်းအနေဖြင့် ရှေးဦးစွာပြုလုပ်သင့်သည့် ကုသမှုများကို ဆေးခန်းတွင် ဆောင်ရွက်ပြီး ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီရောက်ရှိအောင် ပို့ဆောင်ပေးပြီး ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသမှု ခံယူစေခြင်းတို့အား ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်ကျန်းမာရေးအနေဖြင့် စီမံကိန်းအတွင်း ရေသိုလှောင်ပြီး၊ ရေပိုက်များဖြင့်သွယ်ယူ၍ ဌာနများနှင့် လူနေထိုင်ရာနေရာများသို့ (၂၄) နာရီ ပတ်လုံး ရေအပြည့်အဝသုံးစွဲနိုင်ရန် ဖြန့်ဝေပေးခြင်းအား ဆောင်ရွက်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) ဝန်ထမ်းနေအိမ်များ၊ လုပ်ငန်းခွင်များအတွင်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ပင်လယ်ပြင်အတွင်းသို့ မစီးဆင်းစေရေးအတွက် ကွန်ကရစ်ရေနုတ်မြောင်းများပြုလုပ်ပြီး ရေဆိုးကန်ထဲသို့ စီးဆင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး အဆိုပါရေနုတ်မြောင်းများအား တစ်လလျှင်တစ်ကြိမ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စေမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) မိလ္လာစနစ်အနေဖြင့် ဝန်ထမ်းများအား ရေလောင်းအိမ်သာများ စီစဉ်ပေးထားပြီး ထွက်ရှိလာသော အညစ်အကြေးမိလ္လာများကို Septic Tanks အတွင်းသို့ စီးဆင်းအောင် ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) Septic Tank တွင်လည်း မိလ္လာကန်၊ ရေစစ်ကန်၊ ရေစုပ်ကန်ဟူ၍ အဆင့်ဆင့် တည်ဆောက်ထားပြီး Septic Tank မှ ထွက်ရှိလာသော အပေါ်ယံအရေကြည်များကို ရေစုပ်ကန်မှတစ်ဆင့် မြေကြီးအတွင်း စိမ့်ဝင်သွားနိုင်ရေး စီစဉ်ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်ဆိုင်ရာ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် ဒေသခံများ၏ အခြေခံကျန်းမာရေး လိုအပ်ချက်များအား ကူညီစောင့်ရှောက်နိုင်ရန်တို့အတွက် CSR ရန်ပုံငွေများမှ ကျန်းမာရေးအသုံးစရိတ်များ ထည့်ဝင်သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဓ) **ဆူနာမီဖြစ်ပေါ်လာပါက ထိခိုက်မှုလျော့ပါးစေရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပြည်ပြည်ဆိုင်ရာ ဆူနာမီသတိပေးသည့် စနစ်တပ်ဆင်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) The National Oceanic and Atmospheric Administration (NOAA)'s National Weather Service) မှ စီစဉ်သော ဆူနာမီသတိပေး Center များမှ သတိပေးချက် ရယူနိုင်သည့်အပြင် အခြားသော ဆူနာမီသတိပေးသည့် Website များ၊ နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြားတို့မှလည်း သတင်းများ ရယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူနာမီဖြစ်ပေါ်ပါက ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် စီမံကိန်းအနီးရှိ ကုန်းမြင့်များအား စုရပ်အနေဖြင့် သတ်မှတ်ကြောင်း ဝန်ထမ်းများကို အသိပေးထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စုရပ်သို့တက်ရောက်ရမည့် လမ်းကြောင်းများအား အချိန်ရာသီမရွေး သွားလာနိုင်ရေးအတွက် လမ်းကြောင်းရှင်းလင်းထားရမည်ဖြစ်ပြီး ဝန်ထမ်းတစ်ဦးချင်းသည် အဆိုပါလမ်းကြောင်းအတိုင်း စခန်းမှစုရပ်သို့ သွားရောက်ပါက ကြာမြင့်မည့်အချိန်များအား မှတ်သားထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) အရေးပေါ်ဆေးဝါးကုသနိုင်ရန်အတွက် လိုအပ်သည့် ဆေးဝါးကိရိယာများကို ရိက္ခာစုစည်းသည့် နေရာပတ်ဝန်းကျင်တွင် အသင့်ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်မှုလျော့ပါးစေရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဆိုးကျိုးသက်ရောက်မှုများ မပေါ်ပေါက်စေရန်အတွက် လိုအပ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ သစ်တောဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးစီမံချက်အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲတည်ရှိမှုများအား မှတ်တမ်းများရယူထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းဧရိယာအသုံးချမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲ တည်ရှိမှုများအပေါ် ခြိမ်းခြောက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လက်ရှိသစ်တောသစ်ပင်များအား ထိန်းသိမ်းထားခြင်းနှင့် မြေလွတ်များတွင် သစ်ပင်၊ ပန်းပင်များ ထပ်မံစိုက်ပျိုးခြင်းတို့အား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) တရားမဝင်သစ်ပင်ခုတ်လှဲခြင်းနှင့် အမဲလိုက်ခြင်းများ မရှိစေရန် ပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခြင်းအား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းမှ ရရှိမည့်ကောင်းကျိုးများအား သိရှိ နားလည်သဘောပေါက်စေရန်အတွက် သက်ဆိုင်ရာဝန်ထမ်းများအား သင်ကြားပို့ချခြင်းများ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) ဇီဝမျိုးစုံမျိုးကွဲများထုတ်ယူသုံးစွဲခြင်းအား ခွင့်မပြုကြောင်း ပိုစတာ၊ ဆိုင်းဘုတ်၊ လက်ကမ်းစာစောင် စသည်တို့မှတစ်ဆင့် အသိပေးအကြောင်းကြားခြင်းအား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် အနည်းဆုံးဖြစ်စေရေး တို့အတွက် သဘာဝဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်များ၊ မုန်တိုင်းဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်၊ မီးဘေးလုံခြုံရေးစသည်တို့ကို ဆောင်ရွက်ရန်အတွက် ဘဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက် မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ $PM_{10}$, $PM_{2.5}$, NO, $SO_2$, CO စသည့် Parameter များအား (၁) နှစ်လျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) ရေအရည်အသွေးနှင့်ပတ်သက်၍ (BOD, COD, pH, Temperature, Turbidity, Suspended Solid) စသည့် ပါရာမီတာများအား (၆) လလျှင် (၁) ကြိမ် ရေဆိုး စွန့်ပစ်သည့် ရေထွက်ပေါက်များတွင် တိုင်းတာစစ်ဆေးမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၃) ဆူညံသံနှင့်ပတ်သက်၍ စီမံကိန်းမှ အနီးဆုံးဆူညံသံသက်ရောက်မှုရှိမည့် နေရာ များတွင် (၃) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ ဘေးအန္တရာယ်ရှိ/မရှိ စွန့်ပစ်ပစ္စည်းအမျိုးအစား များ၊ သိမ်းဆည်းထားရှိမှုအခြေအနေများနှင့် စွန့်ပစ်သည့်ပမာဏများအား စွန့်ပစ်ပစ္စည်းသိုလှောင်သည့်နေရာနှင့် စွန့်ပစ်သည့်နေရာများတွင် လစဉ် စစ်ဆေး မည်ကို လိုက်နာဆောင်ရွက်ရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဃ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

( င) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြားဘဏ္ဍာငွေ (၂၀) သိန်းလျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ရေအရည်အသွေးတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြားဘဏ္ဍာငွေ (၁၅) သိန်းလျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံနှင့်တုန်ခါမှုတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ခန့်မှန်းသီးခြားဘဏ္ဍာငွေ (၁၀) သိန်းလျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လူမှုပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးအကျိုးပြုလုပ်ငန်းများအတွက် စီမံကိန်းမှရရှိသည့် အသားတင်အမြတ်ငွေ၏ ၂% အား သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်စုပုံစွန့်ပစ်ရန်နှင့် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၂.၅ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲ ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြု ခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယား အတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာန သို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ တင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့်

ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်

စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ဂ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဃ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(င) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကိုလိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများရှိခြင်း၊

ပြည်ထောင်စု ဝန်ကြီး

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---